www.burmeseclassic.com



စေတနာစာပေ

## အမှတ်တရအစီအစဉ်

သို့

မမသို့ ...

ဝတ္ထုတွေဟာ စတိုင်တစ်မျိုးနဲ့ လန်းပါတယ်။

မမရဲ့ ချစ်ရင်နှစ်မိနစ်စောင့်က မိုက်တယ်။

မမကော ကဗျာစာအုပ် မထုတ်ဘူးလားဟင်။ ကဗျာတွေကအရမ်းလန်းလို့ပါ။ မမရဲ့အတွေးတွေက အရမ်းမိုက်တယ်။

မမကောလည်း အရမ်းချစ်ဖို့ကောင်းမှာပဲနော်။

ပင်လယ်အအေးပတ်အောင် ချစ်သူကလေစိမ်းတိုက်လေသည်တဲ့။ ခေါင်းစဉ်လေးလည်း ကြိုက်တယ်၊ ကဗျာလေးတွေလည်း ကြိုက်တယ်၊ ဒီကဗျာလေးကလေ ညီမလေးရင်ကို အရမ်းထိစေတယ်။

“နောက်ကျောကို ဓားနဲ့မထိုးပါနဲ့ချစ်သူ
ရှေ့ကိုလှည့်ပေးပါ့မယ်
ဒါပေမဲ့ ရင်ဘတ်ရဲ့ဘယ်ဘက်ကိုတော့
မထိုးမိစေနဲ့
အဲဒီမှာ နင်ရှိနေတယ်ဆိုတာ သဘောပေါက်။”

တကယ် heart ထိတယ်။ မမရေ ကဗျာလေးတွေများများ ထည့်ရေးပေးပါနော်။

မမဆီက တုံ့ပြန်မှုကို ရှုးသွပ်နေတဲ့ ညီမငယ် ...

ဝိုင်းဆက်လှိုင်း
1st year (MC)
၁၈၅ – ဗိုလ်တထောင်ဘုရားလမ်း
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

ဆရာမမယ်မင်းဘုံ ...

မမမယ်မင်းလို့ ခေါ်ခွင့်ပြုပါနော် ...

မမရဲ့စာအုပ်တိုင်း ဆွဲဆောင်မှု အရှိန်းရှိပါတယ်။

ပင်လယ်အအေးဖတ်အောင်စာအုပ်လေးကို သစ်းအကြိုက်ဆုံးပဲ။

ငွေတောင်ပြည်ကမြို့သူကိုလည်း သိပ်ကြိုက်တယ်။

နောက်လထွက်မဲ့ ဘာညာသာရကာကိုလည်း ဖတ်ချင်ပြီ။

မမမယ်မင်း ဝတ္ထုထဲကိုထည့်ထားတဲ့ သီချင်းတွေက သမီးအကြိုက်တွေပဲ၊ မိန်းကလေးတွေရဲ့ခံစားချက်တွေကို ပေါ်လွင်အောင်ပြီး တစ်ထပ်တည်းကျအောင် ရေးနိုင်တဲ့ မမရဲ့ idea ကိုတော့ အရမ်းလေးစားပါတယ်။

နောက်လ ... နောက်လတွေမှာထွက်မယ့် ဝတ္ထုတွေကိုလည်း မျှော်လင့်နေပါတယ်။

အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေ ...

မမမယ်မင်းရဲ့ပရိသတ် ...

**ငြိမ်းပြည့်တာရာ**
ပထမနှစ်(ရူပဗေဒ)
ဒဂုံတက္ကသိုလ်



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မယ်မင်းဘုံ (စာတွေရေးသော မမရေ) ...

ဝတ္ထုတွေအားလုံး ဖတ်လို့ကောင်းလို့ ဆရာမကို ခင်ချင်လို့ မိတ်ဆက်စာ ရေးလိုက်ပါတယ်။

အချိတ်အဆက်တွေ ပြောတဲ့ဒိုင်တွေက ရင်ခုန်ချင်စရာကြီးပဲ။

ဆရာမဒိုင်တွေနဲ့ ကောင်မလေးတွေကို ကြွေအောင်ပြောဖြစ်နေတာ။

ဆရာမ ကဗျာတွေ အလန်းတွေပဲနော် ...

အရမ်း သဘောကျတယ်။

ဆရာမ ပရိသတ် ...

**သင့်ခင်းနောင်**
၅-လမ်း၊ ကြည်တော်ကုန်း
ပဲခူးမြို့။

www.burmeseclassic.com

www.burmeseclassic.com





## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မ, ...

ကျွန်တော် ခွန်နေမင်းပါ။ မ, မှတ်မိရဲ့လား မသိဘူး။

ချစ်ရင်နှစ်မိနစ်စောင့်ဝတ္ထုကို ဖတ်ပြီးပြီးချင်း ကျွန်တော် မ,ဆီ စာရေးပို့ခဲ့တာပါ။ စာက မရောက်ဘူးထင်တယ်။ မ,ရဲ့ဝတ္ထုထဲမှာ ကျွန်တော့်စာ မတွေ့ဘူး။ ဒီတစ်ခါလည်း ရောက်မှရောက်ပါ့မလား မသိဘူး။

ဝတ္ထုအားလုံး ဂုဏ်ဝင်မြောက် လက်ရာတွေပါ။

စာရေးကောင်းတဲ့ မမက ရုပ်ကလေးလည်း ချောမှာပဲ နော်။ မမရဲ့ပုံကို မျက်နှာဖုံးထင်ပါလားဗျာ။ တောင်းဆိုတာပါ။

ဒီစာကလေး မ,ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါစေ။ မ,ဆီက စာလေးနဲ့ ဓာတ်ပုံလေးကို စောင့်မျှော်နေပါတယ်။ မ,ကို အမြဲတမ်း အားပေးမယ့် မ,ရဲ့ Pen friend ခွန်နေမင်း ဆိုတာ ယုံပါနော်။

ခွန်နေမင်း
အမှတ်(၈)ရပ်ကွက်
အုန်းမြဲသစ်လမ်း
ဥဿာမြို့သစ်



## အမှတ်တရအစီအစဉ်

သို့

မမဘုံ ...

သမီးကလေး မမဘုံရဲ့ ပရိသတ်ပါ။ မမရဲ့စာအုပ်တွေ အရမ်းကောင်းတာပဲ။

ဇာတ်လမ်းတွေနဲ့ ခေါင်းစဉ်တွေ တစ်ထပ်တည်းကျအောင် ရေးနိုင်တယ်နော်။

နှုတ်သားအိပ်ဆေး ခတ်ထားတဲ့ ညနေခင်းကလည်း သိပ်ကောင်းတဲ့ ဇာတ်လမ်းလေးပဲ မမဘုံ။

ပင်လယ်အအေးပတ်အောင် လေစိမ်းတိုက်လိုက်တာလဲ ဆိုတာ သိပြီ မမရေ။

ဘာညာသာရကာလည်း ဖတ်ချင်လှပြီ။

မမဘုံ အောင်မြင်ပါစေ ...

မိုးလုံးမှိုင်း
ကြားတောရလမ်း
ဖာပွန်။

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

မမဘုံ ...

ဖုန်းဆက်တာကို လက်ခံစကားပြောပေးတဲ့ မမကို Thank you ပါ။

စာအုပ်တိုင်းလိုလို ဗီဒီယိုအဖြစ် ပြောင်းလဲပြီးဆိုတာကို ဖတ်မိတော့ ဝမ်းသာတယ်၊ မမအတွက်လည်း ဂုဏ်ယူမိပါတယ်။

မမရဲ့ဒိုင်လေးတွေ အရမ်းထိပါတယ်။

နောက်ထွက်မယ့် အလန်းစားဝတ္ထုအမည်လေးတွေနဲ့ ဓာတ်လမ်းတွေကို ဖတ်ရှုပြီး ဝေဖန်အကြံပြုပါရစေနော်။

ခင်မင်စွာဖြင့်

ဇော်
တိုက်(၇) ရွှေစင်းသာအိမ်ရာ
သာကေတ။



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမ ...

ဥမ္မာက မမရဲ့ပရိသတ်တစ်ဦးပါ။ မမဆီကို မိတ်ဆက်စာရေးဖို့ အကြိမ်ကြိမ် စဉ်းစားပါတယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် စာမရေးဖြစ်ခဲ့ဘူး။ ဒီတစ်ခါတော့ မရေးရရင် မနေနိုင်လောက်အောင် မမရဲ့စာအုပ်တွေကြောင့် စာရေးလိုက်ပါတယ်။

စာအုပ်နာမည်လေးတွေကလည်း အမိုက်စားလေးတွေပါ။

စာအုပ်ထဲမှာပါတဲ့ talky တွေကလည်း အရမ်းမိုက်တယ်။

ကဗျာလေးတွေလည်း အရမ်းခိုက်ပါတယ်၊

မမရဲ့စာအုပ်တွေကို ဗီဒီယိုကားတွေအဖြစ် ပြောင်းလဲတော့မယ်။ ဓာတ်ကားတွေ ရိုက်တော့မယ်လို့ သိရပါတယ်။

အဲဒီအတွက် မမကို လေးစားတယ်၊ ဂုဏ်လည်းယူတယ်။

တစ်ခုပဲ အကြံပြုပါရစေ၊ ဓာတ်သိမ်းခန်းမှာ ပေါင်းရတာလေးတွေပဲ ရေးပေးပါနော်။

ဓာတ်လမ်းမြူးမြူးလေးတွေ ဖန်စီဆန်ဆန်လေးတွေ၊ အငိုတကြွသိုလ်နောက်ခံ ဓာတ်လမ်းလေးတွေ ရေးပေးပါနော်။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါလို့ ...

ညီမလေး ဖယ်မင်းရေ ... ဝတ္ထုခေါင်းစဉ်လေးတွေနဲ့ ဇာတ်လမ်းလေးတွေ တစ်ထပ်တည်းကျတာမို့ သိပ်ကြိုက်ရပါတယ်။ ညီမလေးရဲ့စာအုပ်တိုင်းအားလုံး ဖတ်ပြီးပါပြီ။

တကယ်လည်း ကြိုက်ပါတယ်။

စိတ်ကူးယဉ်လို့ကောင်းတဲ့ ဇာတ်လမ်းလေးတွေပါ။ ဗီဒီယိုကားတွေ ထွက်ရင်လည်း အားပေးနေမှာပါ။ အောင်မြင်မှုတွေ ဒီထက်မကပိုအောင် ကြိုးစားနော်။

ထာဝရအားပေးနေမယ့် ...

မမ – ခင်ရွှေဝ
နှင်းဆီလမ်း
ပါရမီ
ရန်ကုန်။



စေတနာစာပေ၏

အမှတ်တရအစီအစဉ်

သို့

ထာဝရချစ်ခင်မြတ်နိုး လေးစားတန်ဖိုးထားရပါသော ဘုံ ...
မင်္ဂလာရှိသောနေ့လေး ဖြစ်ပါစေနော် ...

မခိုင် ဘုံ့ဆီကို (၅)စောင်မြောက် စာရေးလိုက်ပါတယ်နော်။ ဘုံ့ဆီကစာ မခိုင်ဆီကို ၂၃–၁၀–၁၂ နေ့က ရောက်ပါတယ်၊ ပုန်းဆက်တာကို စကားပြန်ပြောတဲ့အတွက် မခိုင် အရမ်းပဲ ဝမ်းသာမိပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ဘာပဲဖြစ်ဖြစ် လူတစ်ဖက်သား စိတ်ချမ်းသာအောင် ပြောပေးတဲ့အတွက် ထပ်ဆင့်ကျေးဇူးပါ။ ဘုံရဲ့ ဇာတ်ပို့ မျက်နှာဖုံးမှာ ဘာလို့ မထည့်တာလဲဟင်။ ဒီလောက်လှတဲ့ပုံကို တကယ်ပြောတာပါ။ မခိုင်ကလေ မိုးသင်ကို အရမ်းသနားတာပဲ သိလား။ တိမ်ညိုကို အရမ်းမုန်းတယ်။ အမြင်လည်းကတ်တယ်။ အခုတော့ မိုးသင်ကို မျှော်လင့်ချက်ပေးသလို ဖြစ်နေတာပေါ့။ မခိုင်ရေးတဲ့ ခဝဖန်စာလေးတွေကို ထည့်ထားတာ ဖတ်လိုက်ရတော့ အရမ်းဝမ်းသာမိပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်။

အခုဆိုရင် ဘုံရဲ့လစဉ်ထွက်တဲ့ စာအုပ်တိုင်းကို မခိုင်မှာ ကြည့်ရတာ အလုပ်တစ်ခုလို ဖြစ်နေပြီ ဘုံရဲ့ သိလား။

အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမကြီးတစ်ယောက် ဖြစ်ပါစေလို့ အမြဲတမ်း ညတိုင်း ဘုရားမှာ ဆုတောင်းပေးပါတယ်နော်။ မှန်သောစကားပါ ဘုံ။

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

အသစ်အသစ်တွေ ဘယ်လောက်ပဲ ပေါ်နေပါစေ၊ ဘုံ ဆိုတဲ့ စာရေးဆရာမတစ်ယောက် ကျော်လွှားနိုင်ပါစေလို့ ဆုတောင်း လိုက်ပါတယ်နော်။

ဘုံ့ကို အမြဲတမ်း အားပေးနေမယ့် ...

မနိုင်
အမှတ်(၃)မင်္ဂလာကွက်သစ်
ဦးဩဘာသလမ်း
မင်းဘူး။



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ ဘုံ ...

များရည်ဆမ်းဒွိဟကို ဖတ်ပြီးပြီနော်။ အန်တီတောင် သိပ်ကြိုက်လို့ ဘုံ့ဆီကို စာချက်ချင်း ရေးလိုက်တာပါ။

အောင်မြင်မှုအတွက်အထိမ်း ရောက်မှာပါကွယ်။ ခုတ်ပုံ လေးပါ တွေ့ရတော့ သိပ်ချစ်ဖို့ကောင်းတာပဲ။ ဘုံက ငယ်ငယ်လေးပဲ ရှိသေးတော့ အရှမ်းတက်လမ်းတွေ ရှိနေပါတယ်။ မျက်နှာမြင်ချစ်ခင် ဆိုတဲ့စကားနဲ့ ပြည့်စုံပါတယ်ကွယ်။

အောင်မြင်မှုသရဖူ ဆောင်းနိုင်ပါစေကွယ်။

**အန်တီမီး**
မောင်ငံရပ်၊ အောက်လမ်းမကြီး
မော်လမြိုင်။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ဆရာမ မယ်မင်းဘုံ ...

ဆရာမဓာတ်ပုံလေး အခုထွက်တဲ့ စာအုပ်ထဲမှာ တွေ့ရပါတယ်။ ဆရာမက ငယ်ငယ်လေးပဲ ရှိသေးတယ်နော်။ ပျားရည်ဆမ်းဒွိဟတဲ့ ဖတ်လို့ကောင်းတဲ့ ဇာတ်လမ်းလေးမို့ သိပ်ကြိုက်ပါတယ်။ နောက်လထွက်မယ့် အနမ်း Equation ကိုလည်း ဖတ်ချင်ပါပြီ။ ဆရာမဇာတ်လေးတွေက ခေါင်းစဉ်လေးတွေ ကြားရတာနဲ့တင် ဖတ်ချင်စိတ်တွေ တအားပေါ်မိပါတယ်။ ဗီဒီယိုတွေလည်း ကြည့်ချင်ပြီ။ နောက်လ နောက်လတွေမှာ ထွက်ရှိဦးမယ့် စာအုပ်တွေလည်း ဖတ်ချင်နေပြီ။ အောင်မြင်ပါစေလို့ ဆုတောင်းလျက် ...

ခင်မင်လေးစားခြင်းဖြင့်

**မှုန်နံ့သာ**
ဒု-နှစ် မြန်မာစာ
ဒဂုံတက္ကသိုလ်



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်း မင်္ဂလာပါနော် ...

မမယ်မင်းဆီကို ဒုတိယအကြိမ် စာရေးလိုက်ပါတယ်နော်။ ညီမကို မှတ်မိရဲ့လား။ ညီမက စန္ဒာဖြိုးပါ။ စာမရေးဖြစ်တာက ညီမ စာမေးပွဲသွားဖြေနေလို့ပါ။ စိတ်မဆိုးပါနဲ့နော်။ အစ်မရဲ့ "အာသာသာရကာ" ဆိုတဲ့ စာအုပ်လေးကို (၈-၁၁-၁၂)ရက်နေ့က ဖတ်ပြီးသွားပါပြီ။ အရမ်းကြိုက်ပါတယ်။ စာအုပ်လေးက ဖွဲ့ဆောင်မှုရှိပါတယ်။ အစ်မရဲ့ဝတ္ထုတွေက တစ်အုပ်ထက်တစ်အုပ် ပိုကောင်းလာတယ်နော်။ အစ်မရဲ့ဓာတ်ပုံကို လက်ဆောင်အဖြစ် ထည့်ပေးလိုက်လို့ အရမ်းပဲ ဝမ်းသာမိပါတယ်။ အစ်မက အရမ်းချစ်ဖို့ကောင်းတယ်နော်။ နောက်လည်း စာပြန်ပါဦးနော်။ အစ်မ ဒီထက်မက အောင်မြင်ပါစေ။ စာရှည်သွားရင် ခွင့်လွှတ်ပါနော်။ အစ်မရဲ့ "ပျားရည်ဆမ်းဒွိဟ" ဆိုတဲ့ စာအုပ်လေးကို ဖတ်ပြီးမှ စာပြန်လိုက်မယ်နော်။ ညီမရဲ့ဓာတ်ပုံကိုလည်း လက်ဆောင်အဖြစ် ထည့်ပေးလိုက်တယ်နော်။

ကျေးဇူးတင်လျက် ...
အစ်မရဲ့ထာဝရပရိသတ် ...

မြန်မာ့စီးပွားရေးဘဏ်
သာယာဝတီမြို့
ပဲခူးတိုင်းဒေသကြီးအနောက်

Sandar Phyo
First year (law)
Pyay University

www.burmeseclassic.com

www.burmeseclassic.com





## အမှတ်တရအစီအစဉ်

မင်္ဂလာပါ ဆရာမလေး ...

ဆရာမလေးရဲ့စာအုပ်တွေ ဖတ်ရပါတယ်။ အတော်လေး ကောင်းတယ်လို့ ပြောပါရစေ။ ဒါနဲ့ ဆရာမလေးလို့ ခေါ်လိုက်လို့ ထူးဆန်းနေလား၊ မထူးဆန်းပါနဲ့။ ဆရာမလေးရဲ့အသက်က (၁၉)နှစ်ပဲရှိသေးလို့ ခေါ်လိုက်တာပါ။ စာတွေလည်း ဆက်ရေးပါ၊ ဆက်လက်အားပေးနေပါတယ်။ အစ်ကို့နာမည်က ကိုကိုအောင်လို့ ခေါ်ပါတယ်။ အစ်ကိုက သီချင်းရေးဆရာပါ။

ဆရာမလေးရေးတဲ့ ဇာတ်အိမ်လေးတွေကို သဘောကျတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ စာရေးတတ်တာ ချီးကျူးပါတယ်။

ဆရာမလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ နာမည်ကြီးစာရေးဆရာမဖြစ်တာကို အားကျမိပါတယ်။ လေးလည်း လေးစားမိတယ်။ ဆက်ကြိုးစားပါ ဆရာမလေးကို အမြဲအားပေးနေပါတယ်။ အစ်ကိုတောင်မှ ပတ္တူတွေရေးသေးတယ်၊ ဘယ်လိုဘုတ်ချမှန်းမသိလို့ ဒီအတိုင်းထားထားတယ်။

ဖုန်းလှမ်းဆက်ပြီး စကားပြောချင်ပေမယ့် ခုမှစပြီးမိတ်ဆက်တာဆိုတော့ စာအုပ်မှာပါတဲ့လိပ်စာအတိုင်း ဒီစာလေးပဲ ပို့လိုက်တာပါ။





## အမှတ်တရအစီအစဉ်

စာလေးတော့ ပြန်ပေးပါနော်။ ဒါနဲ့ အိမ်ဖုန်းလိပ်စာရှိရင် ထည့်ပေးပါဦးနော်။ စာပြန်မလာရင်တော့ ဖုန်းဆက်မယ်နော်။ တေးရေးဆရာ ကိုကိုအောင်လို့ဆိုရင် ဘယ်သူလဲဆိုတာ သိလိုက်တော့။

ပြောတဲ့အထဲမှာ အမှားပါရင် ခွင့်လွှတ်နော်။

စေတနာပါရင် ဓာတ်ပုံလေးပါ ထည့်ပေးလိုက်နော်။

ဒါပဲနော် တာ့တာ။

ကိုကိုအောင်
အမှတ်(၆/၁၃၁)
ပတ္တမြားသစ်ဆက်
ဈေးကွက်သစ်ရပ်
စလေကျောင်းလမ်း
ပလိပ်မြို့။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေဓော်

## အမှတ်တရအစီအစဉ်

ဆရာမရေ မင်္ဂလာပါ ...

ဆရာမရဲ့ ဓာတ်ပုံလေးနဲ့ ပြန်စာလေးရလို့ အရမ်းဝမ်းသာပါတယ်။ သမီးတို့ကို အခုလို အသိအမှတ်ပြုပေးတဲ့အတွက် ကျေးဇူးလည်းတင် ဂုဏ်လည်းယူပါတယ်။

ဆရာမကလေ သိပ်ချောတာပဲ။ စာရေးလည်း သိပ်ကောင်းတာပဲ။ သမီးတို့လေ ကိုယ့်အစ်မတစ်ယောက်လို အရမ်းချစ်တာပဲ။

ဆရာမရဲ့ တွက်သမျှစာအုပ်တွေကိုလေ အမြဲအားပေးနေမှာပါ။ ဘာညာသာရကာ ဆိုတာလေးကလေ အမြဲတမ်း ပြောနေကျ နားရည်ဝနေတဲ့ အရာလေးကို ဝတ္ထုဇာတ်အိမ်လေး ဖွဲ့နွဲ့ပြီးရေးတတ်တဲ့ ဆရာမကို သိပ်ချီးကျူးပါတယ်။

ကျေးဇူးပါ ဆရာမရယ် ...

ခင်သန္တာဆု
ဟံသာတကုန်း(၁၉)ရပ်ကွက်
ပဲခူးမြို့။
3rd year Maths
Bago University



စေတနာစာပေဓော်

## အမှတ်တရအစီအစဉ်

သို့

ဆရာမမေယ်မင်းဘုံ ...

မင်္ဂလာပါခင်ဗျာ။ ဆရာမရဲ့ စာအုပ်လေးတွေ ဖတ်ရတာ စိတ်ချမ်းသာမှု အပြည့်အဝရပါတယ်။ ကဗျာလေးတွေကလည်း စိတ်ကို အရမ်းပဲ ကြည်နူးစေပါတယ်။ English စကားလုံးလေးတွေ ညှပ်ပြီးရေးပေးထားတာကလည်း ဗဟုသုတရစေလို့ ကြိုက်ပါတယ်။ အခု ကျွန်တော်ဖတ်နေတဲ့ ဘာညာသာရကာ ဆိုရင် ရိုးရိုးရှင်းရှင်းလေးနဲ့ ဖွဲ့ဆောင်မှုရှိတဲ့ ဇာတ်လမ်းကောင်းလေးတစ်ပုဒ်ပါ။ ပေဖန်စရာမရှိပါ။ ဆရာမရဲ့ ဓာတ်ပုံလေး မျက်နှာဖုံးမှာ သုံးပေးစေချင်ပါတယ်။

ပြီးတော့ ကျွန်တော်တို့ကို စာလည်းပြန်ပေးစေချင်ပါတယ်။ ဓာတ်ပုံလေးလည်း ထည့်ပေးစေချင်ပါတယ်။

အမြဲတမ်း အားပေးနေမှာပါ ...

သူရ
3rd year (Phy)
ဒဂုံတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

ဘုံရေ ...

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါရစေ။

စာအုပ်ဖတ်ဖို့ စလှန်လိုက်တာနဲ့ ဘုံရဲ့ဓာတ်ပုံလေးပါလာလို့ ဝမ်းသာမိပါတယ်။ မခတို့က ဘုံရဲ့ဓာတ်ပုံလေးကို ပြန်စာနဲ့အတူ ရထားတော့ သိနေတာပေါ့နော်။

ချစ်ဖို့ကောင်းတဲ့ ဘုံရဲ့ဓာတ်ပုံလေးက ကျက်သရေရှိပါတယ်။ ကိုယ်ကြိုက်တဲ့ ကိုယ်ချစ်တဲ့ ဆရာမလေးဘုံရဲ့ ဓာတ်ပုံလေးကို ကြည့်ပြီး ဝမ်းသာကျေနပ်မိတယ်။

အခု မခတို့ဖတ်နေတဲ့ ပျားရည်ဆမ်းဦးဟာကိုလည်း သိပ်ကြိုက်ပါတယ်။ ဘုံရဲ့လက်စွမ်းပြ အိမ်ထောင်ရေးဇာတ်လေးပဲပေါ့နော်။ သိပ်ကြိုက်ပါတယ်လို့ ပြောပါရစေ။ နောက်နောင်လည်း ဆက်ပြီး အားပေးမှာပါ။

ခင်တဲ့ ...

ခင်မမ
၄ဝါလမ်း
အလုံ - ရန်ကုန်မြို့။

စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

မမမယ်ခင်းရေ ...

ကျွန်တော်ဖတ်ခဲ့ရတဲ့ စာအုပ်တိုင်းလိုလိုဟာ အရမ်းကောင်းပြီး ရင်ထဲငြိခဲ့ရတာတွေချည်းပါပဲ။ အစ်မရဲ့စာအုပ်တွေက လှုံငယ် Fancy ဇာတ်လေးတွေမို့ အရမ်းသဘောကျရပါတယ်။ ဒီမိတ်ဆက်စာဟာ ပထမဆုံး အနုပညာရှင်တွေဆီ ရေးပို့ဖူးတာပါ။ အစ်မရဲ့ဝတ္ထုတွေထဲမှာ "ဘာညာသာရကာ" ကိုတော့ အကြိုက်ဆုံးပဲ။ တကယ်ကို လှုံငယ်စတိုင်လ် အပြည့်တွေ့ရတယ်။ ရွှေပုံတိုးဝေရဲ့ character သွင်းထားပုံလေးက အရမ်းချစ်စရာကောင်းတယ်။ လုံးဝ မိုက်တယ်။ အချစ်ကို ကြက်ဟင်းခါးသီးနဲ့တွဲပြီး ဖွင့်ထားတဲ့ဒိုင်ကတော့ တကယ်လေးစားမိတယ်။ အစ်မက လှုံငယ်စာရေးဆရာမဆိုတော့ ကျွန်တော်တို့နဲ့ ရင်ဘတ်ချင်းနီးတယ်ပဲ ပြောရမယ်နော်။ စာအုပ်တိုင်းကလည်း ပြောစရာမလိုအောင် ကောင်းတယ်နော်။ အစ်မရဲ့ဝတ္ထုတိုင်းလိုလိုက ဗီဒီယိုအဖြစ် ရိုက်မယ်ဆိုတာ သိရတော့ တအားဝမ်းသာပါတယ်။

အောင်မြင်မှုများစွာရဲ့ပိုင်ရှင် ဖြစ်ပါစေ။
ထာဝရပရိသတ် ...

သော်သော်
ဗိုလ်မင်းရောင်လမ်း
တောင်ပြင်ရပ်ကွက်
တောင်တွင်းကြီးမြို့။

www.burmeseclassic.com

www.burmeseclassic.com





## အမှတ်တရအစီအစဉ်

သို့

ဆရာမ မယ်မင်းဘုံ ...

"ဘာညာသာရကာ" ဝတ္ထု ဖတ်ပြီးတော့ ဆရာမကို လုံးဝလေးစားမိတယ်။ နောက်ဆို ဆရာမဝတ္ထုပဲ ဖတ်တော့မယ်။ လုံးဝမိုက်တယ်ဗျာ။ ရွှေပုံဘိုးစေတာ ချစ်ဖို့ကောင်းတယ်နော်၊ Style အပြည့်ပဲ။ အဲဒီလိုပုံစံမျိုးလေးတွေက မိုက်တယ်ဗျ။ အကြံပြုစရာလေး ရှိပါတယ်။ နည်းနည်းရှည်တာနဲ့ ကျန်ခဲ့မယ့် အပြင်းစား အချစ်ဝတ္ထု လေး ရေးပေးပါဦးနော်။ ဆရာမရဲ့ facebook မှာ Add ထားတယ်နော်။ လက်ခံပေးပါလို့ တောင်းဆိုပါတယ်။

ဆရာမရဲ့ ထာဝရ ချစ်ရှိသတ် ...

တူးထူး
ဗိုလ်ခင်းရောင်လမ်း
တောင်ပြင်ရပ်ကွက်
တောင်တွင်းကြီးမြို့



စေတနာစာပေဧ၏

## အမှတ်တရအစီအစဉ်

၃၀-၁၁-၁၂

မင်္ဂလာပါ မမမယ်ခင်း ...

မမရဲ့ပရိသတ် ညီမလေးပါ။ မမရဲ့ဝတ္ထုတိုင်းဟာ တစ်မျိုးစီ ဆန်းသစ်နေပါတယ်။ ဖတ်လို့လည်း အရမ်းကောင်းပါတယ်။ ညီမလေးက မမရဲ့ထာဝရပရိသတ်ပါ။ မမစာအုပ်တွေက အရမ်းငှားရ တာပဲ။ မမဆီကို စာရေးချင်တာကြာပြီ။ ရေးမယ်လုပ်လိုက် မရေးရဲ အားဖြစ်လိုက်နဲ့ တော်တော်အားယူရတယ်။ မမရဲ့စာအုပ်တွေကို အမြဲ အားပေးနေမှာပါ။ မမရဲ့ဖာတ်လမ်းတိုင်းကို ကြိုက်တယ်။ ပျားရည်ဆမ်း ဒွိဟာဆိုတဲ့ စာအုပ်လေးကိုလည်း မျှော်နေပါတယ်။ မမက ကဗျာရေး လည်း တော်တယ်နော်။ မမရဲ့ကဗျာလေးတွေ စကားစုလေးတွေဆို ညီမလေးတို့က သိပ်ကြိုက်တာ။ စာရှည်သွားရင် ခွင့်လွှတ်ပါ။

မမမယ်မင်း ထာဝရအောင်မြင်ကျော်ကြားပါစေ ...

ခင်မင်လေးစားသော ...

အေးအေး
စခန်းကြီးရွာ၊ ကလေးမြို့နယ်
စစ်ကိုင်း။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

၂၆–၁၁–၁၂

သို့

မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေ မမယဉ်မင်းသို့ ...

ပထမဆုံး မိတ်ဆက်စာ ရေးဖူးတာမို့ လွန်တာရှိရင် ဝန္ဒာမိပါနော်။ မမရဲ့ဝတ္ထုစာအုပ်တွေကိုဖတ်ပြီး နှစ်သက်ခဲ့တာတော့ ကြာပါပြီ။ စာကတော့ အခုမှပဲ ရေးဖြစ်တော့တယ်။ မမရဲ့ဝတ္ထုတွေက အားလုံးကောင်းတယ်။ လူငယ် fancy စတိုင်လ်လေးတွေနော်။ အကြိုက်ဆုံးစာအုပ်ကတော့ "ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည်" ဝတ္ထုပါ။ တကယ်ကို လေစိမ်းတွေတိုက်လာ သလို ခံစားမိတယ်။ ပြီးတော့ "နတ်သားအိပ်ဆေးခတ်ထားတဲ့ညနေခင်း" ဝတ္ထု။ အဲဒီဝတ္ထုကကျတော့ မမရေးနေကြစတိုင်လ်နဲ့ သဘာဝကျကျ စရိုက်လေးနဲ့ကို ပေါင်းစပ်ပြီးပန်တီးထားတော့ ထူးခြားတယ်။ မမရဲ့ ထူးခြားတဲ့စတိုင်လ်က ခေါင်းစဉ်လှလှလေးတွေ ပေးတတ်တာပါ။ မမက idea အရမ်းကောင်းတယ်။ Brain လည်း အရမ်းပြေးတယ်နော်။ တစ်ခါ တစ်ခါ ထင်မထားတဲ့ လှည့်ကွက်မျိုးလေးတွေ၊ ဇာတ်ဆောင် တွေကို ချောင်ပိတ်ပေးတဲ့ မထီတထီမေးခွန်းလေးတွေဆို အရမ်းကောင်း တယ်။ မမကို အရမ်းအားကျမိတယ်။ ငယ်ငယ်လေးနဲ့ အောင်မြင်တဲ့ သူမို့ လေးလည်းလေးစားတယ်။ ညီမလေးကို မမရဲ့ပရိသတ်အဖြစ် လက်ခံအသိအမှတ်ပြုပေးပါနော်။ မမ အချိန်အားမယ်ဆိုရင် စာပြန်ပေး



စေတနာစာပေ၏

အမှတ်တရအစီအစဉ်

စေချင်ပါတယ်။ မမရဲ့ဓာတ်ပုံလေး(၂)ပုံလောက် ထည့်ပေးလိုက်ပါ နော်။ ညီမလေး တောင်းဆိုတာတွေ များသွားလို့ စိတ်မညစ်သွားပါ နဲ့နော်။

မမယဉ်မင်းသာဝစ္စာ ဒီထက်ပိုကာ အောင်မြင်ကျော်ကြား လူသိများသော Best Seller စာရေးဆရာမကြီး ဖြစ်ပါစေလို့ ဆန္ဒပြု၍ ...

မမကိုချစ်တဲ့ ညီမလေး ...

သီရိအေးလှိုင်
2nd year (Math)
ရတနာပုံတက္ကသိုလ်။
မြင်သာရပ်၊ တံတားဦးမြို့နယ်
ကျောက်ဆည်ခရိုင်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအခါအစဉ်

With Love

မယ်မယ်ရေ ... ၁၇-ကြိမ်မြောက် တွေ့ဆုံခြင်းပါ။

ပျားရည်ဆမ်းဒွိဟာကိုလည်း ဖတ်ပြီးပါပြီ။ ဆောင့်ရကျိုးနပ်တဲ့ ဝတ္ထုလေးပါ။ တိမ်ညိုနဲ့ ဖြိုးရွှယ်နုနယ်တို့ရဲ့ အိမ်ထောင်ရေးက အရှိန်းကို ကြည်နူးဖို့ ကောင်းပါတယ်။ တိမ်ညိုရဲ့ဒွိဟာဖြစ်နေတဲ့စိတ်ကိုလည်း နားလည်ပေးနိုင်တယ်။ ဖြိုးရွှယ်နုနယ်ရဲ့ ခံစားချက်ကိုလည်း စာနာနိုင်ပါတယ်။ ဘာမှမသိလေးတဲ့ ချွှမ်းသင့်ကိုလည်း သနားမိတယ်။ ဒါပေမဲ့ တစ်ခုလိုတာက Grate ဖြစ်တဲ့ တိမ်ညိုက အိမ်ထောင်သည်တစ်ယောက်ဖြစ်နေတာ မသိတဲ့ ချွှမ်းသင်ရဲ့ အားနည်းချက်ကို သိပ်တော့ သဘောမကျဘူး။ ချွှမ်းသင်ရဲ့ အလှင့်ဒီဇိုင်းကို အရှိန်းသဘောကျတယ်။ "21" Centaury မှာ ဘဲအိမ်ရှေ့ကို ကစ်တာသွားတီးရဲတဲ့ Lady ကိုတော့ Bravo ပါ။

ဒီခေတ်မှာနေတဲ့ လမင်းသည်း အခြေအနေပေးရင်တော့ သွားတီးမိမယ် ထင်ပါတယ်။

ဒီဝတ္ထုထဲမှာ လမင်း အကြိုက်ဆုံး ဇာတ်ကောင်က ချွှမ်းသင်ပါ။ ဝတ္ထုထဲမှာပါတဲ့ ဇာတ်ပုံက နည်းနည်းလှုကြီးဆန်တယ်နော်။

အကျီအစိမ်းလေးနဲ့က ချစ်စရာလေး။

ဒီတစ်ခေါက် ဇာတ်ပုံတောင်းရင်တော့ ပေးဦးမှာလား။





## အမှတ်တရအခါအစဉ်

ပေးမယ်လို့ ယုံကြည်ပါတယ်။
ပိုင်စိုင်ကလည်း ပြောနေတာ။
မယ်မယ်ရဲ့ မနက်ဖြန်တိုင်းဟာ သာယာလှပနေပါစေ။

ဆန္ဒပြင့်ဆုတောင်းသည်

လမင်း (Civil)
အမှတ်- ၄၄/၃
တော်ဝင်သစ်ခွခြံ
ဓဂီလာဥယျာဉ်ရပ်ကွက်
တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com



"သား လက်ထပ်ဖို့ဆိုတာ တော်တော်ဝေးတဲ့ အနာဂတ်ရဲ့ အစီအစဉ်ပဲ ရှိသေးတယ်။ ဖေဖေသာ အဲဒီကောင်မလေးတွေရဲ့အခေါ်နဲ့ ဂဏန်းငြိမ်တော့မယ်ဆိုတာ ချစ်သားကြီး မြင်နေတယ် ... အဖေ ဟဲ"

"ခွေးကောင် ... သွားစမ်းပါကွာ။ ငါက မင်းအတွက် စီစဉ်ချင်လို့ အကွက်ရှာ့နေတာ"

"အဟား ... ရွှေ့တာလည်း ရွှေ့တာပေါ့။ ဒါပေမဲ့ နောက်တစ်ကြိမ် ပြန်လည်နိုးထလာမယ့် Heart beat ကိုလည်း နားစွင့်ဦး အဖေ။ ဒီလိုမျိုး ဆိုက်တူရိုက်တူ old model ကြီးဆိုတာ တွေ့ရခဲတယ်နော်"

သူက အဖေ့ကို ပြောက်ပေးနေလေလျှင် အဖေက ရှက်ရယ်တစ်ချက် ရယ်လိုက်ပြီး ...

"ဘယ်က old model ကမှာလဲ။ တော်ဝင်က သိပ် bright ဖြစ်ပြီး ခေတ်ကို ရင်ဆိုင်တန်းနိုင်တဲ့ အမျိုးသမီးကွ။ ပြီးတော့ တော်ဝင်နဲ့ ငါက ရိုးရိုးသားသားပါ သားရာ"

"ဟင် ... အဖေကလည်း အစကရိုးရိုး နောက်တော့တစ်မျိုး တိုးလို့ဆိုတဲ့ သီချင်းတွေက အဖေတို့ခေတ်က ပေါ်ခဲ့တဲ့ သီချင်းပါဗျာ။ ပြောတော့ ရိုးရိုးဆိုပြီး အပျိုကြီးကို လက်ဆောင်တွေ သွားပေးပြီး ပိုးနေတာ၊ ဟွန့် ... သိတယ်နော်၊ သိတယ် ... သိတယ်"





"ကဲ ... တော် ... တော် ... ဟော့ကောင်၊ ငါ မင်းမျိုးဖို့ ဆိုဖို့ ညစာသွားစီစဉ်လိုက်ဦးမယ်။ ခင်းသာ မိန်းမမြန်မြန်ယူဖို့ စဉ်းစားထား"

"အဟား ... သား မိန်းမယူဖို့ထက် အဖေမိန်းမယူဖို့က ပိုအရေးကြီးပါတယ်ဗျ ... ဟဲ"

အဖေက သူ့ကို ခေါသထွက်ဟန်ဖြင့် အနီးကစာအုပ်တစ်အုပ်ဖြင့် ပစ်ပေါက်လေလျှင် သူက ရှောင်လင်သိုင်းဖြင့် ဂျက်ဆီကျိမ်းလုပ်ကာ အခန်းထဲသို့ ပြေးလေတော့သည်။

သားအဖနှစ်ယောက်သာရှိတဲ့ သူတို့ဘဝမှာ အဖေနဲ့သား ဆက်ဆံရေးပုံစံမျိုးထက် ဘော်ဒါဒယ်ဒီပုံစံမျိုးဖြင့် ပွင့်လင်းရင်းနှီးစွာ နေကြတာဖြစ်သည်။ အမေမရှိတော့ကတည်းက သူ့ကို အမေလိုတစ်မျိုး၊ အဖေလိုတစ်ဖုံ၊ ကြင်နာယုယွေးထွေးမှုမေတ္တာအပြည့် အဝပေးသော ဖေဖေ့ကို ဂရုစိုက်ကြင်နာမယ့် မေမေတစ်ယောက်တော့ ရှာရဦးမည်ဟု သူက တေးထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ခဲ့ဘူး။ ဒါပေမဲ့ လက်ထပ်ရမယ်။ ဘယ်လိုဘဝကြီးလဲ။ နာရီပိုင်းအတွင်းမှာ ပြောင်းလဲသွားတဲ့ အခြေအနေဟာ အုံ့ခနန်း အတွက် အရမ်းကြီးကို ရှောခ်ဖြ ပေးပါသည်။ အုံ့ခနန်းကို ပိုင်ဆိုင်ချင်နေတဲ့သူကို အရမ်းနာကြည်းပါသည်။

အခုပဲ ခယ်နှာရီထိုးတော့မယ်။ အုံ့ခနန်းကို သိပ်စိတ်ပူနေတော့မယ့် တော်တော့်မျက်နှာကို မြင်ယောင်လာတော့ ရင်တစ်ခုလုံးသည် မီးလောင်တိုက်သွင်းခံနေရသလို ပူလောင်ပြင်းရှနေပါသည်။

အုံ့ခနန်းက မျက်ရည်တွေကို ခပ်ကြမ်းကြမ်း ငွတ်သုတ်လိုက်ကာ သူ့ကို သေချာကြည့်၍ ပြောလိုက်တော့သည်။

"ကောင်းပြီ ... နှစ်သက်အေးချမ်း၊ နင့်ကို ငါလက်ထပ်မယ်။ မနက်ဖြန် တရားရုံးမှာ နင်နဲ့ငါ နှစ်ဦးသဘောတူ လက်မှတ်ထိုးမယ်၊ နင် စီစဉ်ထားလိုက်ပါ၊ အဲဒါဆို နင်ကျေနပ်သော့။ မနက်ဖြန် နင်နဲ့ငါ နှစ်ယောက်တည်းပဲ တရားရုံးသွားမှာနော်၊ ဘယ်သူ့ကိုမှ အသိမပေးနဲ့ ဘယ်သူ့ကိုမှလဲ ခေါ်မလာနဲ့၊ နှစ်ဦးသဘောတူဆိုတဲ့စကားကို နင်နားလည်တယ်နော်"

သူက အုံ့သြသလို မျက်ဝန်းတွေဖြင့် အုံ့ခနန်းကို သူက ငေးကြည့်ရင်း ခေါင်းညိတ်ပြလေသည်။





"ကောင်းပြီ ... အဲဒါဆို ငါအိမ်ပြန်မယ်၊ တော်တော် သိပ်စိတ်ပူနေလိမ့်မယ်၊ ငါ့ကို ကားသော့ပေးပါ"

"ဘယ်လို ... အုံ့ခနန်း၊ ကိုယ့်ကို မင်း လက်ထပ်မယ်ဆို"

"အိမ်ပြန်မှာလေ၊ မနက်ဖြန်မှ လက်ထပ်ကြမှာပဲ၊ ကျွန်မ တော်တော့်ဆီပြန်မှ ဖြစ်လိမ့်မယ်၊ ကျွန်မဘက်က ကတိတည်တယ်၊ ရှင် အားလုံး Ready လုပ်ပြီးသွားရင် ကျွန်မဆီဖုန်းဆက်လိုက်၊ နေက်ဖြန် တရားရုံးကို ကျွန်မ လာခဲ့မယ်၊ ကားသော့ပေးပါ"

သူက တစ်စုံတစ်ခုကိုတွေးရင်းက သူ့ဘောင်းဘီအိတ်ကပ်ထဲက ကားသော့ကိုနှိုက်ယူကာ အုံ့ခနန်းရဲ့လက်ထဲသို့ ထည့်ပေးလေသည်။ ပြီးတော့ အုံ့ခနန်းရဲ့လက်တွေကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ...

"ကားကို ဂရုစိုက်မောင်းပါ အုံ့မခနန်း၊ မင်းနဲ့ကိုယ်ရဲ့အခြေအနေက ရုတ်တရက်ကြီး Tempo ချိန်းသွားပေမယ့် မင်းကို ကိုယ် တစ်သက်လုံး သစ္စာရှိရှိနဲ့ ပေါင်းသွားမယ်လို့ ကိုယ်ကတိပေးတယ်"

အုံ့ခနန်းက ဟက်ခနဲတစ်ချက်ရယ်လိုက်ကာ သူ့ကို ညစ်ကျယ်ကျယ် အပြုံးတစ်ခုဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြေစကားကြောင့် အုံ့ခန်း ပြုံးမိသွားလေသည်။ ပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ်ပြကာ ...

"Ok ... အိမ်ပြန်ပို့ပေးတာ ကျေးဇူးပါပဲ။ ရှင့်ကိုကျေးဇူးတင်ပါတယ် နှစ်သက်အေးချမ်း"

အုံ့ခန်းက ကားမောင်းထွက်လာခဲ့လိုက်တော့သည်။ အုံ့ခန်းကို ချစ်တယ်ဆိုတဲ့သူ့ကို အုံ့ခန်းက အခုနန်းခံစားချက်တွေနဲ့ လက်ထပ်လိုက်ရပြီးပြီ။ အုံ့ခန်းကို လက်ထပ်ခြင်းမှာ ဖူးစာဆိုတာ မပါခဲ့။ ဒီဆလာက်မုန်းနေရက်နဲ့ ဒီအချိန်ထိ အုံ့ခန်းအနားမှာ သူရှိနေရတာဟာ ဆန်းတော့ ဆန်းပါသည်။

အကယ်၍သာ ကံကြမ္မာကြီးက သူနဲ့ အဆျင်ဖြတ်ပေးမယ်ဆိုရင် အုံ့ခန်းရဲ့စိတ်ခံစားချက် ဘယ်လိုရှိမလဲလို့ အုံ့ခန်းသိချင်လာပါသည်။





## ၁၇

ညက စိတ်ပင်ပန်းမှုဒဏ်တွေကြောင့် စောစောအိပ်ပျော်သွားသော်လည်း စောစောတော့ မနိုးချင်တာကြောင့် ခွေခေါက်ပြီး အိပ်နေစဉ်မှာ အခန်းတံခါးကို တဗုန်းဗုန်းလာထုလေသည်။

"မမရေ ... မမရေ ထဦး။ ရှော့ခ်ကိုက်နေပြီ။ မခန်း ဝင်လာပြီနော်"

မခန်းက အခန်းတံခါးဖွင့်ဝင်လာလျှင် အုံ့ခန်းက အိပ်နေရာက မထသေးဘဲ မျက်လုံးတွေမှိတ်ထားရင်းက မေးလိုက်လေသည်။

"ဘာရှော့ခ်လဲ။ အကယ်ဒမီရှော့လား"

"အာ ... အကယ်ဒမီမရှော့ဘူး။ မမရှော့ခ်။ ဖေဖေ မမကို အကြီးကြီးပေါက်ကွဲနေတာ။ ချက်ချင်း ယောက်ျားပေးစ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ... သေပြီ။ မနေ့က ... မနေ့က အုံ့ခန်းတို့ကို မြင်ခဲ့တယ်ပေါ့။ ဘုရားရေ ... အုံ့ခန်း ဘာရှင်းပြရတော့မလဲ။

"မိဘက ငါ့သမီးလေး တော်လှ တော်လှ ယုံလိုက်ရတာ။ အခုတော့ နင်က ...။ ငါ မပြောလိုက်ချင်ဘူး။ နှစ်သက်ဆိုတဲ့ကောင်လေးကာလည်း ဘာသဘောလဲ။ နင်တို့လေ ..."

"မဟုတ်ဘူး။ မဟုတ်ဘူး ... မေနဲ့ မေ။ သမီး ရှင်းပြ ..."

"တော်တော့ အုံ့မခန်း။ ညည်း ငါတို့ကို ဘာမှဆက်မပြောနဲ့တော့။ အခု ဟိုမိသားစုကိုလည်း ခေါ်ထားပြီးပြီ။ နင်တို့ကို အမြန်လက်ထပ်ပေးရမယ်။ တောက် ... ငါလေ နင့်ကို အသေရိုက်သတ်ပစ်ချင်တယ် သိလား။ ငါ့သူငယ်ချင်းတွေရှေ့မှာပါ ငါ ခွေးဖြစ်ခဲ့တာ။ ဖအေက ဒါသမကော်လေဆိုပြီး ပြောခဲ့ရတယ်။ ဟိုကောင်လည်း လာပစေဦး။ နင်တို့ကို မိဘတွေစီစဉ်ပေးဖို့ ပြောခဲ့တုန်းကတော့ ငြင်းပြီး အခု လူမမြင်တဲ့နေရာ သွားနေကြတယ်။ တယ် ... နင် သေတော့မယ်"

"ဖေဖေရယ် ... တော်ပါတော့။ ဟိုမှာ တော်တော်တို့ ရောက်ပြီ"

ဖေဖေက မခန်း တားမြစ်မှုကြောင့် စကားစပြတ်သွားကာ အိမ်ရှေ့ထွက်သွားလေသည်။ မေမေက အုံ့ခန်းရဲ့ခေါင်းကို အသာပုတ်ကာ ...





"လူကြီးတွေကို ဒုက္ခမပေးစမ်းနဲ့ အုံ့ခန်းရယ်။ ညည်း ပြဿနာမရှာနေနဲ့နော်။ ညည်းအဖေက ရှက်လည်းရှက် ဒေါသလည်း ဖြစ်နေတာ။ မခန်း ... နင့်အစ်မကို ချော့မော့ပြီး သေချာပြောဦး။ ငါ တကယ်စိတ်ညစ်တယ်"

မေမေကပါ ထွက်သွားလေလျှင် အုံ့ခန်းက အရုပ်တစ်ပိုင်း ဖြစ်ရလေသည်။ အုံ့ခန်း ဘယ်လိုဖြေရှင်းရမလဲ။ လူကြီးတွေရဲ့စိတ်ထဲမှာ တိုက်ခန်းကနေ အတူတူဆင်းလာတဲ့ သူနဲ့ အုံ့ခန်းကို တစ်မျိုးတစ်မည်တွေ ထင်မှတ်ကုန်ကြပြီ။ အဖြစ်မှန်တွေကိုတော့ နားကျပါးကျ နားလည်ဖို့ ဘယ်လိုရှင်းရတော့မလဲ။

"အုံ့ခန်း ... ထွက်လာခဲ့စမ်း"

ဖေဖေ့ရဲ့အော်သံဝါဝါကြီးက ပျံ့လွင့်လို့လာလျှင် အုံ့ခန်းဟာ ဆတ်ခနဲတောင် တုန်သွားရသည်။ ဟင့်အင်း ... အုံ့ခန်း ဘယ်လိုမျက်နှာနဲ့ ထွက်တွေ့ရမှာလဲ။ အားလုံးရဲ့တစ်မျိုးသော အကြည့်တွေကို အုံ့ခန်း မရင်ဆိုင်နိုင်ဘူး။

"မမ ... လာပါ။ ဖေဖေ ပိုဒေါသထွက်နေလိမ့်မယ်။ ဒါက သွေးပူတုန်းမို့ ဖေဖေက စိတ်ဆိုးနေတာပါ။ လူကြီးတွေက မမနဲ့ ကိုနှစ်သက်ကို သဘောတူပြီးသားပဲ။ ဘာမှ စိတ်မပူနေပါနဲ့"



www.burmeseclassic.com

